ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

မိုးကောင်းမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)

တောင်နီကျေးရွာ၊ တောင်နီအုပ်စု

၂၀၁၇ ခုနှစ်


မိုးကောင်းမြို့နယ်

# မာတိကာ




| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | မြို့နယ်မြေပုံ | ၁ |
| ၂ | ကျေးရွာမြေပုံ (တည်နေရာ) | ၂ |
| ၃ | အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း | ၃ |
| ၄ | ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း) | ၃ |
| ၅ | လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား | ၄ |
| ၆ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA Tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ<br><br>(က) လူမှုရေးအရင်းအမြစ်ပြမြေပုံ | ၅ |
| | (ခ) ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း | ၆ |
| | (ဂ) ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၇ |
| | (ဃ) ပင့်ကူအိမ်သုံးသပ်ခြင်း | ၈ |
| | (င) ရာသီခွင်ပြပြက္ခဒိန် | ၉-၁၀ |
| | (စ) ဗင်းပုံစံ | ၁၁ |
| | (ဆ) အမျိုးသား/အမျိုးသမီးအခက်အခဲများ | ၁၂-၁၃ |
| | (ဇ) ကျေးရွာမျှော်မှန်းချက် (အမျိုးသား/အမျိုးသမီး) | ၁၂-၁၃ |
| | (ဈ) ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းများ | ၁၄ |
| ၇ | ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ | ၁၅-၁၆ |
| ၈ | ကော်မတီဝင်များစာရင်း | ၁၇ |
| ၉ | ကျေးရွာအချက်အလက် (ပုံစံ-၁) | ၁၈-၂၀ |
| ၁၀ | စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂) | ၂၁-၂၂ |
| ၁၁ | ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) | ၂၃-၂၄ |
| ၁၂ | ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄) | ၂၅ |
| ၁၃ | အစည်းအဝေးမှတ်တမ်းများ | ၂၆-၂၉ |
| ၁၄ | ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | ၃၀ |

# မိုးကောင်းမြို့နယ်အတွင်းရှိ လမ်းများ
# အခြေပြမြေပုံ



## တောင်နီကျေးရွာမြေပုံ



၃။ အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း

တောင်နီကျေးရွာအုပ်စု

(၁) တောင်နီကျေးရွာ
(၂) ထီးချိုင့်ကျေးရွာ

၄။ ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း)

တောင်နီကျေးရွာသမိုင်းကြောင်း

တောင်နီကျေးရွာသည် မိုးကောင်းမြို့နယ်၊ ကချင်ပြည်နယ် ရွှေဘိုမြစ်ကြီးနားကားလမ်းဘေး၊ မြစ်ကြီးနား-မန္တလေးမီးရထားလမ်းဘေးတွင် တည်ရှိပါသည်။ တောင်နီရွာ၏တောင်ဘက်တွင် နမ္မနရွာတည်ရှိပြီး မြောက်ဘက်တွက် ကျေးရွာ၏ အုပ်စုပိုင်ထီးချိုင့်ရွာနှင့်မည်င်မြိုင်ကျေးရွာတည်ရှိပါသည်။ တောင်နီကျေးရွာအား မြန်မာသက္ကရာဇ် ၁၀၄၃ ခုနှစ်တွင် အိမ်ခြေ ၆၀ခန့်ဖြင့် စတင်တည်ထောင်ခဲ့သည်။ ခရစ်သက္ကရာဇ်ဖြင့် ထွက်သော် ၁၈၈၃ ခုနှစ်ခန့် ကဖြစ်ပါသည်။ ယခင်က တောင်နီးရွာဟုခေါ်တွင်ပြီး နောင်းတွင်တောင်နီရွာဟုပြောင်းလဲခေါ်တွင်ခဲ့ကြသည်။ ရွာအားစတင်တည်ထောင်သော သူကြီးမှာ ဦးရွှေမောင်ဖြစ်ပါသည်။ ၎င်းနောက် သူကြီး၊ ဥက္ကဋ္ဌ၊ အုပ်ချုပ်ရေးမှူးပေါင်း ၁၅ ဦးရှိခဲ့ပါသည်။ ယခုလက်ရှိတာဝန်ထမ်းဆောင်နေသော အုပ်ချုပ်ရေးမှူးမှာ ဦးကျော်နိုင်ဦးဖြစ်ပါသည်။ ယခုလက်ရှိကျေးလက်တွင် အိမ်ခြေပေါင်း ၅၃ အိမ်ရှိပြီး လူဦးရေစုစုပေါင်း ၃၂၅၃ ဦးရှိပါသည်။ ကျေးရွာ၏ အကျယ်အဝန်းသည် စတုရန်းမိုင် ၅မိုင်ခန့်ရှိပြီး၊ စာသင်ကျောင်း ၃ကျောင်း (မ-၂၊ ထ.၁) ရှိပြီး ကျေးလက်ဆေးပေးခန်း ကျန်းမာရေးဌာနခွဲတစ်ခုရှိပါသည်။ ကျေးရွာသည်လယ်ယာလုပ်ငန်းအဓိကလုပ်ကိုင်ကြပြီး တောင်သူဦးရေ ၂၄၈ ဦးရှိပါသည်။ လယ်မြေကေပေါင်း ၈၇၀၀ကေကျော်ရှိပါသည်။ တောင်နီရွာတွင် ကမ္ဘာဘဏ်အထောက်အပံ့ဖြင့် ကျေးရွာဖွံ့ဖြိုးရေးများ ဆောင်ရွက်ရန် ၂၀၁၆ ခုနှစ်တွင် စတင်မိတ်ဆက်ပြီး ၂၀၁၇ ခုနှစ်တွင် နှစ်ဆန်းပိုင်းတွင်လုပ်ငန်းများ စတင်ရန်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။


ယခုအချိန်တွင် ကျေးရွာ၏လမ်းပေါင်း ၁၈လမ်းအရှည်ပေပေါင်း ၂၆၀ပေရှိသည့်အနက်မှ ကမ္ဘာဘဏ်၏ အထောက်အပံ့ဖြင့် ပေပေါင်း ၁၀၇၅၅ ကျောက်ကြမ်းလမ်းခင်းခြင်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၎င်းအပြင် ကျေးရွာအတွင်းရှိရေမြောင်းများကိုလည်း ရေပြွန်လုံးတံတား ၈စင်း ဆောက်လုပ်ပြီးစီးဆောက်ရွက်နိုင်ခဲ့ပါသည်။

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုရေးနှင့် အရင်းအမြစ်ပြ မြေပုံ | 12.3.2017 | ကျေးရွာလူထု (ရပ်မိရပ်ဖများ၊ ဆင်းရဲ၊ ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ အနွမ်းပါးဆုံး နှင့် လူငယ်အုပ်စုများ) | ၄၇ | ၄၁ | ၈၈ | အိမ်များ၊ အခြေခံအဆောက်အဦများ၊ လမ်းပန်းဆက်သွယ်ရေး၊ လယ်ယာမြေများ၊ မြစ်ချောင်းများနှင့် နယ်နမိတ်များ။ |
| ၂ | ဥစ္စာဓနကြွယ်ဝမှု အဆင့်သတ်မှတ်ချက် | 12.3.2017 | ကျေးရွာလူထု (ရပ်မိရပ်ဖများ၊ ဆင်းရဲ၊ ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ အနွမ်းပါးဆုံး နှင့် လူငယ်အုပ်စုများ) | ၄၈ | ၄၀ | ၈၈ | ကွဲပြားသောလူမှုစီးပွားရေး အမျိုးအစားများ၊ အမျိုးသားနှင့် အမျိုးသမီးများ၏ မတူကွဲပြားသော အသုံးပြုခွင့်နှင့် အရင်းအမြစ်များအပေါ် ထိန်းချုပ်ခြင်း။ |
| ၃ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | 12.3.2017 | ကျေးရွာလူထု (ရပ်မိရပ်ဖများ၊ ဆင်းရဲ၊ ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ အနွမ်းပါးဆုံး နှင့် လူငယ်အုပ်စုများ) | ၄၈ | ၄၁ | ၈၉ | အမျိုးသမီးများနှင့် အမျိုးသားများ ပိုင်ဆိုင်ပြီး ထိန်းချုပ်ထားသည့် ပိုင်ဆိုင်မှု (သို့) အရင်းအမြစ်များ၏ ဦးစားပေးများနှင့် လိုအပ်ချက်များ ကွဲပြားခြားနားခြင်း။ |
| ၄ | ရာသီခွင်ပြ ပြက္ခဒိန် | 12.3.2017 | ကျေးရွာလူထု (ရပ်မိရပ်ဖများ၊ ဆင်းရဲ၊ ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ အနွမ်းပါးဆုံး နှင့် လူငယ်အုပ်စုများ) | ၄၈ | ၄၀ | ၈၈ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်း၊ အစားအစာရရှိမှုများနှင့် ပွဲတော်များ။ |
| ၅ | ပင့်ကူအိမ် သုံးသပ်ခြင်း | 12.3.2017 | ကျေးရွာလူထု (ရပ်မိရပ်ဖများ၊ ဆင်းရဲ၊ ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ အနွမ်းပါးဆုံး နှင့် လူငယ်အုပ်စုများ) | ၄၈ | ၄၁ | ၈၉ | အမျိုးသားများနှင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှုနှင့် မရရှိသည့် အကြောင်းအရင်းများ။ |
| ၆ | ဗင်းပုံစံ | 12.3.2017 | ကျေးရွာလူထု (ရပ်မိရပ်ဖများ၊ ဆင်းရဲ၊ ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ အနွမ်းပါးဆုံး နှင့် လူငယ်အုပ်စုများ) | ၄၇ | ၄၁ | ၈၈ | ကျေးရွာအတွင်းနှင့်ပြင်ပရှိ အဖွဲ့အစည်းများ မည်ကဲ့သို့သော လုပ်ငန်းများအတွက် မည်သည့်အဖွဲ့များနှင့် ချိတ်ဆက်လုပ်ကိုင်မှု။ |

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

(က) လူမှုရေးအရင်းအမြစ်ပြမြေပုံ





**လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်**

တောင်နီကျေးရွာသည် တောင်နီအုပ်စုတွင်ပါဝင်ပြီး နှစ်ရွာပေါင်း တစ်အုပ်စုဖြစ်သည်။ တောင်နီကျေးရွာဧရိယာပတ်လည်တွင်လယ်ကွင်းများ ရှိပါသည်။ တောင်နီကျေးရွာတွင် အိမ်ထောင်စု (၅၁၁) စု ရှိပြီး လူဦးရေ (၃၃၃၄) ဦး နေထိုင်ပါသည်။ ရွာသူ/သားအများစုသည် မြန်မာတိုင်းရင်းသားများ ဖြစ်ကြပြီး ဗုဒ္ဓဘာသာကို ကိုးကွယ်ကြပါသည်။ အမျိုးသမီးဦးစီးသောအိမ်ထောင်စု (၁၀၁) စု ရှိပါသည်။

ကျေးရွာအတွင်းသောက်သုံးရေကို ကျေးလက်ဦးစီးဌာနမှ တည်ဆောက်ပေးသော တောင်ကျရေကန်ကြီးမှ ရရှိပါသည်။ သို့သော်လည်း ရေကိုတစ်နှစ်ပတ်လုံး လုံလောက်စွာ မရရှိနိုင်ပါ။

တောင်နီကျေးရွာတွင်အထက်တန်းခွဲတစ်ခု ရှိပါသည်။ သို့သော် ဆရာ/မ မလုံလောက်သောကြောင့် ကျောင်းသူ/သားများ ပညာသင်ယူရာ၌ အခက်အခဲရှိပါသည်။ တောင်နီကျေးရွာတွင် ဆေးပေးခန်း ရှိပါသည်။ သို့သော်လည်း သားဖွားဆရာမသာ ရှိသဖြင့် အရေးပေါ်လူနာများကို မိုးကောင်းမြို့နယ်ဆေးရုံသို့ သွားရောက်ကုသရပါသည်။ တောင်နီ နှင့် မိုးကောင်းမြို့မှာ (၁၀) မိုင်ကျော်ဝေးသဖြင့် သွားရောက်ကုသရာ၌ အခက်အခဲရှိပါသည်။

## (ခ) ဥစ္စာဓနကြွယ်ဝမှုအဆင့် သတ်မှတ်ခြင်း



ဥစ္စာဓနကြွယ်ဝမှုပြဇယား

| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | တိုက်အိမ်၊ လယ်ဧက (၅၀)၊ နွား (၁၅)၊ လယ်ထွန်စက်၊ ကား၊ ဆိုင်ကယ်၊ စက်ဘီး | ၅၀ | ၁၀% |
| အလယ်အလတ် | ပျဉ်ထောင်အိမ်၊ လယ်ဧက (၂၀)၊ နွား (၁၀) လယ်ထွန်စက်၊ ဆိုင်ကယ်၊ | ၇၀ | ၁၃.၇% |
| အသင့်အတင့် | သွပ်မိုးထရံကာ၊ လယ်ဧက (၁၀)၊ နွား (၃) ဆိုင်ကယ်၊ | ၁၉၀ | ၃၇.၂% |
| ဆင်းရဲ | ထရံသက်ကယ်မိုး၊ နွား (၂)၊ ဆိုင်ကယ် | ၂၀၀ | ၃၉.၃% |
| စုစုပေါင်း | | ၅၁၀ | ၁၀၀% |

### ဥစ္စာဓနကြွယ်ဝမှုအဆင့် သတ်မှတ်ခြင်းပြဇယား သုံးသပ်ချက်


တောင်နီကျေးရွာတွင် ချမ်းသားအုပ်စု၊ အလယ်အလတ်အုပ်စု၊ အသင့်အတင့်အုပ်စု၊ ဆင်းရဲအုပ်စုဟူ၍ ၄မျိုးခွဲခြားထားပါသည်။ ချမ်းသာသောအုပ်စုတွင် အိမ်ထောင်စု ၅၀ပါဝင်ပြီး တိုက်အိမ်၊ လယ်ဧက ၅၀၊ နွား ၁၅ကောင်၊ လယ်ထွန်စက်၊ ကား၊ ဆိုင်ကယ်၊ စက်ဘီးတို့ကိုပိုင်ဆိုင်ထားကြပါသည်။ အလယ်အလတ်အုပ်စုတွင် အိမ်ထောင်စု ၇၀စုရှိပြီး၊ ပျဉ်ထောင်အိမ်၊ လယ်ဧက ၂၀၊ နွား ၁၀၊ လယ်ထွန်စက်၊ ဆိုင်ကယ်တို့ကို တစ်နိုင်တစ်ပိုင် ပိုင်ဆိုင်ထားကြပါသည်။ အသင်အတင့်အုပ်စုတွင် အိမ်ထောင်စု ၁၉၀စုရှိပြီး သွပ်မိုးထရံကား၊ လယ်ဧက ၁၀၊ နွား ၃၊ ဆိုက်ကယ်တို့ ပိုင်ဆိုင်ထားကြပါသည်။ ဆင်းရဲသောအုပ်စုတွင် ၂၀၀စုရှိပြီး ထရံကားသက်ကယ်မိုးအိမ်၊ နွား ၂၊ ဆိုင်ကယ်တို့ကို ပိုင်ဆိုင်၍လုပ်ကိုင်စားသောက်ကြပါသည်။

တောင်နီကျေးရွာ မပြေလည်သည့်အိမ်ထောင်စုအများဆုံးဖြစ်သည်။ ကျေးရွာတွင် ဆန်စပါးများနှင့် ပဲများထွက်သော်လည်း ကုန်စည်ဒိုင်မရှိသောကြောင့် ဈေးနိမ့်ပြီးရောင်းရသဖြင့် အမြတ်ငွေနည်းပါးခြင်းများ ကြုံတွေ့နေရပါသည်။

ပံ့ပိုးကူညီသူ - ဒေါ်ဆိုင်းပန်

ပါဝင်ဆွေးနွေးသူ - ကျား (၃၈)၊ မ (၄၀)

## (ဂ) ပိုင်ဆိုင်မှုသုံးသပ်ခြင်း



### ပိုင်ဆိုင်မှုဇယား သုံးသပ်ခြင်း

ကျေးရွာတွင်ဆုံးဖြတ်ချက်ရမည့် မည်သည့်ကိစ္စမဆို အမျိုးသားများသည် ၁၀၀%ဆုံးဖြတ်ချက်ချကြ သည်။ အမျိုးသမီးများသည် ၆၀%သာဆုံးဖြတ်ချက်ချနိုင်ပြီး အကြံပေးအနေဖြင့်သာအနည်းငယ်ပူပေါင်းရသည်။


အရင်အမြစ်များကို အသုံးချသုံးစွဲရာတွင် အမျိုးသားများကပိုပြီး လက်လှမ်းမှီသုံးစွဲနိုင်သည်။ အမျိုးသားများက ၈၀%ထိရှိပြီး၊ အမျိုးသမီးများက ၅၀%ထိသာ အရင်းအမြစ်များကို လက်လှမ်းမှီပါသည်။ သို့သော် အရင်းအမြစ်အပေါ် မှီခိုလုပ်ကိုင်စားသောက်ရန် အရင်းအမြစ်များရှားပါးလာပါသည်။

ကျေးရွာတွင် အရင်းအမြစ်များလုံလောက်စွာမရှိခြင်း၊ ဝင်ငွေပုံမှန်မရှိခြင်းနှင့် ကုန်စည်ဒိုင်မရှိခြင်းတို့ကြောင့်မိသားစုစားဝတ်နေရေးများ အခက်အခဲရှိပါသည်။ အမျိုးသမီးများလည်းမိမိကိုယ်ကို အားကိုးယုံကြည်မှုများ အားနည်းနေပါသည်။

ပံ့ပိုးကူညီသူ - ဒေါ်ဆိုင်းပန်

ပါဝင်ဆွေးနွေးသူ - ကျား (၄၈) ၊ မ (၄၁)

(ဃ) ပင့်ကူအိမ်သုံးသပ်ခြင်း



**ပင့်ကူအိမ်ပြဇယား သုံးသပ်ချက်**

ကျေးရွာတွင် ရပ်ရေးရွာရေးပူးပေါင်းပါဝင်မှုမှာ အမျိုးသားများက ၉၀% ရှိပြီး၊ အမျိုးသမီးများသည် ၄၀%ထိသာရှိပါသည်။ ရပ်ရွာတွင်ပြုလုပ်သော ရပ်ရေးရွာရေးများတွင် ပူးပေါင်းပါဝင်သော်လည်း အိမ်မှုကိစ္စများတွင် ပိုမိုအချိန်ပေးလုပ်ကိုင်နေရသဖြင့် ပူးပေါင်းပါဝင်မှုအားနည်းနေရခြင်း ဖြစ်သည်။

တောင်နီကျေးရွာတွင် အမျိုးသမီးများထက်အမျိုးသားများမှာ ဦးဆောင်သည့်အပိုင်းပိုများသည်။ ကျေးရွာ၏ဓလေ့ထုံးစံများ၊ အယူအဆများကြောင့်လည်းကောင်း အမျိုးသားများကဦးဆောင်ကာ အမျိုးသမီးများ မိမိကိုယ်ကိုအားငယ်၍ ခေါင်းဆောင်မှုအပိုင်းတွင်အမျိုးသမီးများ မရှိသလောက်ဖြစ်လာကြပါသည်။

ဝင်ငွေရှာဖွေနိုင်မှုမှာ အမျိုးသားများသည် ၉၀%ရှိပြီး အမျိုးသမီးများသည် ၅၀%သာရှိပါသည်။ အမျိုးသမီးများသည်ဝင်ငွေ မရရှိသည့်အိမ်မှုကိစ္စများကိုသာ အချိန်ပေးလုပ်ကိုင်နေရသဖြင့် ဝင်ငွေရရှိသော အလုပ်အကိုင်များအတွက် အချိန်မပေးနိုင်ပေ။

ပံ့ပိုးကူညီသူ - ဒေါ်ဆိုင်းပန်

ပါဝင်ဆွေးနွေးသူ - ကျား ( ၄၈ ) ၊ မ ( ၄၁ )

ရာသီခွင်ပြ ပြက္ခဒိန်



(၄) ရာသီခွင့်ပြ ပြက္ခဒိန်သုံးသပ်ချက်




ရာသီခွင့်ပြ ပြက္ခဒိန်ဇယားသုံးသပ်ချက်


တောင်နီကျေးရွာတွင် အဓိကလယ်ယာလုပ်ငန်းကို လုပ်ကိုင်ကြပါသည်။ လယ်ယာမြေတွင်အဓိက စပါးစိုက်ပြီး စပါးရိတ်သိမ်းပြီးလျှင်ဟင်းသီးဟင်းရွက်များ စိုက်ပျိုးကြပါသည်။ လယ်ယာမရှိသော အိမ်ထောင်စုများမှာလည်း အခြားသူထံစားရင်ဌားဝင်ကြပါသည်။ အချို့ရွာသားများသည် လယ်လုပ်ပြီးစပါး ရိတ်သိမ်းပြီးလျှင် နေ့စားအလုပ်နှင့်အချို့မှာပြင်ပခရီးထွက်ပြီး စီးပွာရာကြပါသည်။ နေ့စားအလုပ်လုပ်များကို လုပ်ကိုင်ပြီးအချို့မှာ ပြင်ပခရီးထွက်ပြီး စီးပွားရှာထွက်ကြပါသည်။ နေစားအလုပ်လုပ်လျှင်တစ်နေ့သာ လုပ်အားခမှာ၅၀၀၀ကျပ်ခန့်ရရှိသည်။ ဝင်ငွေနှင့်ထွက်ငွေ မမျှတသော်လည်းစားဝတ်နေရေးအဆင်ပြေစေရန် အတွက်အမြဲရုန်းကန်နေရပါသည်။ ကျေးရွာတွင် ဝင်ငွေပုံမှန်မရှိသောကြောင့် စားဝတ်နေရေးခက်ခဲပါသည်။

ပံ့ပိုးကူညီသူ - ဒေါ်ဆိုင်းဟန်

ပါဝင်ဆွေးနွေးသူ - ကျား (၄၈) ၊ မ (၄၀)

(စ) ဗင်းပုံစံ





**ဗင်းပုံစံ သုံးသပ်ချက်**


တောင်နီကျေးရွာအတွင်းရှိ အဖွဲ့အစည်းများမှာ ဓမ္မစကူး၊ သမအဖွဲ့၊ ကျောင်းကော်မတီအဖွဲ့၊ မီးသတ်အဖွဲ့၊ ဂေါပကအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့၊ အမျိုးသမီးအဖွဲ့၊ မိခင်နှင့်ကလေးစောက်ရှောက်ရေးအဖွဲ့တို့ဖြစ်သည်။ အုပ်ချုပ်ရေးအဖွဲ့တို့သည့် အစိုးရမှအသိအမှတ်ပြုထားသောအဖွဲ့များဖြစ်သည်။ ကျောင်းကော်မတီ၊ မီးသတ်၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောက်ရှောက်ရေးအဖွဲ့တို့သည် ကျေးရွာ၏လိုအပ်ချက်အရဖွဲ့စည်းထားသောအဖွဲ့အစည်းများ ဖြစ်သည်။ ဓမ္မစကူး၊ ဂေါပကအဖွဲ့တို့မှာ ဘာသာရေးမှဖွဲ့စည်းထားသည့်အဖွဲ့ဖြစ်သည်။ အဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုအားနည်းပြီး ကျေးရွာ၏ကိစ္စရပ်ရပ်တွင်အမျိုးသားဦးဆောင်ပြီး အမျိုသမီးများကအကြံပေး အနေဖြင့်ပါဝင်ကူညီကြသည်။ ကျေးရွာတွင်ဘာသာနည်းအုပ်စု(သို့)ဘေးဖယ်ခံထားရသူအဖွဲ့ဟူ၍ အိမ်ထောင်စုမရှိပါ။ ကျေးရွာအတွင်းရှိ အဖွဲ့များသည်တစ်ဖွဲ့နှင့်တစ်ဖွဲ့ အမြဲချိတ်ဆက်တိုင်ပင်ဆွေးနွေး လုပ်ဆောင်ကြပြီး ပြင်ပအဖွဲ့အစည်းများနှင့်လည်း လိုအပ်ရင်လိုအပ်သလိုချိတ်ဆက်လုပ်ဆောင်ကြပါသည်။

ပံ့ပိုးကူညီသူ - ဒေါ်ဆိုင်းပန်


ပါဝင်ဆွေးနွေးသူ - ကျား (၄၇) ၊ မ (၄၁)

(ဆ) အမျိုးသား/ အမျိုးသမီး အခက်အခဲများ

အမျိုးသား




အမျိုးသမီး



(ဆ) အမျိုးသား/ အမျိုးသမီးအခက်အခဲ

တောင်နီကျေးရွာတွင် မိုးရာသီအချိန်တွင်ရွာတွင်းလမ်းကြား မကောင်းသောကြောင့်သွားလာရေး ခက်ခဲမှုများရှိပါသည်။ ရေမြောင်း၊ ရေပြွန်များမရှိသဖြင့် ရေပိတ်ဆိုမှုများကြောင့်ရေလျှံမှုများရှိကာ ရွာလူထုများနှင့် ကျောင်းသားများသွားလာမှုအခက်အခဲများရှိပါသည်။ လူငယ်များဘောလုံးကစားရာ၌ မြေမညီသောကြောင့် အခက်အခဲရှိပါသည်။

နွေရာသီတွင် နေအပူချိန်များသောကြောင့် ကျေးရွာတွင်းမီးဘေးအန္တရာယ် ကာကွယ်ရန်အတွက် ရေလှောင်ကန်မရှိ၍ခက်ခဲပါသည်။ မိုးရာသီတွင် ကျေးလက်ဦးစီဌာနမှလုပ်ပေးသော စိမ့်စမ်းရေကန်မှရေရှိသော်လည်းနွေရာသီတွင် ရေမလုံလောက်သောကြောင့်ခက်ခဲမှုများရှိပါသည်။ ရွာတွင်းတံတားများလည်း မကောင်းသဖြင့်ဖြတ်သွားဖြတ်လာရာ၌ အန္တရာယ်များရှိပါသည်။ နေစဉ်ဝင်ငွေမရှိသောကြောင့် စားဝတ်နေရေး ခက်ခဲပါသည်။

အမျိုးသား/အမျိုးသမီး မျှော်မှန်းချက်

ကျေးရွာဖွံ့ဖြိုးစေရန်မျှော်မှန်းသော လုပ်ငန်းများတွင်အမျိုးသားနှင့်အမျိုးသမီးများက ရွာတွင်းလမ်းကြား သွားလာမှုအဆင်ပြေကောင်းမွန်စေရန်ဖြစ်သည်။


အမျိုးသားများသည်နွေရာသီတွင် မီးဘေးအန္တရာယ်မှကာကွယ်နိုင်ရန် အိမ် ၂၀ကြားတွင် ရေလှောင်ကန်တစ်ကန်တည်ဆောက်နိုင်ရန်နှင့် ကျောင်းသူ/ကျောင်းသားများအတွက် ကျောင်းသွားလာရေးအဆင်ပြေရန် လမ်းများပေါ်သို့ရေမလွှမ်းအောင် ရေမြောင်းများပြုပြင်နိုင်ရန်ဖြစ်သည်။

အမျိုးသမီးများသည် ရွာတွင်းတံတောင်းများပြုလုပ်ခြင်း(သို့) ပြုပြင်ခြင်း နွေရာသီတွင်ရေလုံလောက်စွာရရှိခြင်းနှင့် အားကစားကွင်းပြုပြင်ဆောက်ရွက်နိုင်ခြင်းတို့ဖြစ်သည်။

ပံ့ပိုးကူညီသူ - ဒေါ်ဆိုင်းပန်

ပါဝင်ဆွေးနွေးသူ - ကျား(၄၈)၊ မ(၄၁)

## (ဈ) ဦးစားပေးဖွံ့ဖြိုးမှု သုံးသပ်ချက်



**ဦးစားပေးဖွံ့ဖြိုးမှုဇယား သုံးသပ်ချက်**

ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းများ ရွေးချယ်ရာတွင်အမျိုးသားနှင့်အမျိုးသမီးများသည် ရွာတွင်းလမ်းကြား များကိုကျောက်ချောလမ်း (သို့) သဲကျောက်လမ်းခင်းခြင်းတို့ဖြစ်သည်။

အမျိုးသားများ ရွေးချယ်သောလုပ်ငန်းမှာ နွေရာသီတွင်မီးဘေးမှကာကွယ်နိုင်အောင် အိမ် ၂၀ကြား ရေကန်တည်ဆောက်ခြင်း/ရေမြောင်းတူးခြင်းနှင့် ရေပြွန်ပြုလုပ်ခြင်းတို့ဖြစ်သည်။

အမျိုးသမီးများရွေးချယ်သောလုပ်ငန်းမှာ ရွာတွင်းတံတားများပြုပြင်ခြင်း၊ နွေရာသီရေလုံလောက်စွာ ရရှိခြင်းနှင့် အားကစားကွင်းပြုပြင်ခြင်းတို့ဖြစ်သည်။

ပံ့ပိုးကူညီသူ - ဒေါ်ဆိုင်းဖနု

ပါဝင်ဆွေးနွေးသူ - ကျား (၁၄၃) ၊ မ (၁၂၂)



တောင်နီကျေးရွာ ပထမနေ့ စီမံကိန်းမိတ်ဆက်အစည်းအဝေး ကျင်းပနေပုံ



တောင်နီကျေးရွာ ဒုတိယနေ့ စီမံကိန်းလုပ်ငန်းခွဲများရွေးချယ်ရန် မဲပေးနေပုံ



တောင်နီကျေးရွာ ကျေးရွာစီမံခန့်ခွဲရေးအဖွဲ့ဝင်များအား ရွာလူထုမှ မဲပေးရွေးချယ်နေပုံ



တောင်နီကျေးရွာ ကျေးရွာစီမံခန့်ခွဲရေးအဖွဲ့ဝင်များအား ရွာလူထုမှ မဲပေးရွေးချယ်နေပုံ

# ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များစာရင်း

ကျေးရွာအုပ်စု - တောင်နို

ကျေးရွာ - တောင်နို

ရက်စွဲ -

| စဉ် | အမည် | ဘာသာ | ကျား/မ | ကော်မတီဝင် | ရာထူး | လက်မှတ် |
|---|---|---|---|---|---|---|
| ၁။ | ဦးစန်းလှဉ်ဦး | ဗုဒ္ဓ | ကျား | ကျေးရွာကော်မတီဥက္ကဋ္ဌ | ဥက္ကဋ္ဌ | |
| ၂။ | ဒေါ်နန်းရွှေခြည်ဦး | 〃 | မ | ကျေးရွာကော်မတီဥက္ကဋ္ဌ | ဥက္ကဋ္ဌ | |
| | ဦးစံရှည်ဦး | ဗုဒ္ဓ | ကျား | ဝယ်ယူရေးဆပ်ကော်မတီ | ခေါင်းဆောင် | |
| | ဒေါ်ခင်သူသူဝင်း | 〃 | မ | ဝယ်ယူရေးဆပ်ကော်မတီ | မှတ်တမ်းထိန်း | |
| | ဒေါ်ငွေးဝေ | 〃 | 〃 | ဝယ်ယူရေးဆပ်ကော်မတီ | အဖွဲ့ဝင် | |
| | ဒေါ်ကြူအောင် | ဗုဒ္ဓ | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | ဥက္ကဋ္ဌ | |
| | ဦးတင်မြေ | 〃 | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | 〃 | |
| | | | | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | | |
| | ဦးလင်းထိုက် | ဗုဒ္ဓ | ကျား | ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ | ဥက္ကဋ္ဌ | |
| | ဒေါ်မမပု | 〃 | မ | ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ | 〃 | |
| | | | | ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ | | |
| | ဦးဝင်းလှိုင် | ဗုဒ္ဓ | ကျား | အကြံပြုတိုင်ကြားရေးတာဝန်ခံ | ဥက္ကဋ္ဌ | |
| | ဒေါ်အုံးမြိုင် | 〃 | မ | အကြံပြုတိုင်ကြားရေးတာဝန်ခံ | 〃 | |
| | ဒေါ်မိမိလင်း | ဗုဒ္ဓ | မ | ကျေးရွာစေတနာ့ဝန်ထမ်း | 〃 | |
| | ဦးမျိုးလင်းအောင် | 〃 | ကျား | ကျေးရွာစေတနာ့ဝန်ထမ်း | - | |
| | ဒေါ်မြကြေးမှုံ | ဗုဒ္ဓ | မ | ကျေးရွာငွေစာရင်းကိုင် | - | |
| | ဒေါ်ကက်ကက်စိုး | ဗုဒ္ဓ | မ | စေတနာ့ဝန်ထမ်း | - | |
| | | | | | | |
| | | | | | | |

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | | |
|---|---|---|---|
| ***လမ်းညွှန်ချက်။*** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ | | | |
| ကျေးရွာခေါင်းဆောင် အမည် ဦးကျော်မြင့် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် ၀၉-၇၇၀၅၉၈၀၀၇ | လူထုစည်းရုံးရေးမှူး၏ အမည် | |
| ပြည်နယ်- ကချင် | မြို့နယ်- မိုးကောင်း | ကျေးရွာအုပ်စု- ဒုကာင်ခြီး | ကျေးရွာ- ဗောင်းခြီး |

### က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ------ | | ဘာသာ (၁) -ဗုဒ္ဓ------- | ၅၁၁ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၁၅ | ဗုဒ္ဓ | ၁၁ |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၃၈ | ဗုဒ္ဓ | ၂၃၈ |
| စစ်ဘေးရှောင် | | | |

၅၃၁

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၁၅၈၂ | ၁၆၅၃ |
| လူမျိုးစု (၁)-ဗမာ--- | | |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၄၁၀ | ၁၀၁ |

၃၂၃၅

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☑ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☑ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☑ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☑ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☑ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလု | ☑ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ________________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

**(စ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--၃----/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်--၁၀ မိနစ်-- ထော်လာဂျီ/<u>မော်တော်ဆိုင်ကယ်</u>/ခြေလျင်/လှေ/မော်တော်ဘုတ်/အခြား ------------------

မိုးရာသီတွင်ကြာချိန်-----၁၅ မိနစ်------- ထော်လာဂျီ/<u>မော်တော်ဆိုင်ကယ်</u>/ခြေလျင်/လှေ/မော်တော်ဘုတ်/အခြား ------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ --[illegible]

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) [illegible]

(၂) ----------------------------------

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် [illegible]

လက်မှတ် [illegible] နေ့စွဲ

လူထုစည်းရုံးရေးမှူး အမည် [illegible]

လက်မှတ် [illegible] နေ့စွဲ

# ပုံစံ - ၈ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်၊* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကိုဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဒေါ်[illegible] | | | |
| နေ့စွဲ - ၁၂.၃.၂၀၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပါ ☑ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း (၄) | |
| ပြည်နယ်- ကချင် | မြို့နယ်- မိုးကောင်း | ကျေးရွာအုပ်စု- တောင်ရေး | ကျေးရွာ- |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | |
|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် | |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၁၀.၃.၂၀၁၇ | ၁၀.၃.၂၀၁၇ | ၁၄၃ | ၁၂၂ | ၂၆၅ | ၂၆၅ | ဗမာ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၁၁.၃.၂၀၁၇ | ၁၁.၃.၂၀၁၇ | ၁၄၃ | ၁၂၂ | ၂၆၅ | ၂၆၅ | ဗမာ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၁၄.၃.၂၀၁၇ | ၁၄.၃.၂၀၁၇ | ၉ | ၈ | ၁၇ | ၁၇ | ဗမာ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၂၇.၄.၂၀၁၇ | ၂၇.၄.၂၀၁၇ | မလို | မလို | မလို | မလို | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | ၄.၅.၂၀၁၇ | ၄.၅.၂၀၁၇ | ၅၅ | ၆၁ | ၁၁၆ | ၁၁၆ | ဗမာ |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၀.၅.၂၀၁၇ | ၂၀.၅.၂၀၁၇ | ၉ | ၈ | ၁၇ | ၁၇ | ဗမာ |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | ၂၀.၅.၂၀၁၇ | ၂၀.၅.၂၀၁၇ | ၉ | ၈ | ၁၇ | ၁၇ | ဗမာ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆.၂။ ဂယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | ၂၁.၅.၂၀၁၇ | ၂၂.၅.၂၀၁၇ | ၉ | ၈ | ၁၅ | ၁၅ | ဗမာ |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | ၂၂.၅.၂၀၁၇ | ၂၂.၅.၂၀၁၇ | ၉ | ၈ | ၁၅ | ၁၅ | ဗမာ |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | ၂၈.၅.၂၀၁၇ | ၂၈.၅.၂၀၁၇ | ၉ | ၈ | ၁၅ | ၁၅ | ဗမာ |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | | |

၂၂

CDD

# ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| ***လမ်းညွှန်ချက်***။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဒေါ်ဆိုင်းပန် |

| | | | |
|---|---|---|---|
| နေ့စွဲ ၁၂.၃.၂၀၁၇ | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☑ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း - ကချင် | မြို့နယ် - မိုးကောင်း | ကျေးရွာအုပ်စု ကောင်နှိ | ကျေးရွာ |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| **အမျိုးသား** အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | **အမျိုးသမီး** အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | လူငယ်များ စာပေလေ့လာမှုနည်းပါးသော ပြဿနာ | ၁ | ကုန်စည်ဒိုင်မရှိသောကြောင့် ပေါ်းဈေးမရှိ/ ဈေးကောင်းရဖို့မရသော ပြဿနာ |
| ၂ | မိုးရာသီတွင် အားကစားကွင်း ချိုင့်မြေ မညီ၍ | ၂ | မူးယစ်ဆေးဝါးသုံးစွဲသူများသောကြောင့် ဖြစ်သော ပြဿနာအခက်အခဲများ |
| ၃ | မိုးရာသီတွင်ကျေးရွာကွင်းသွားလာရေး လမ်း/တံတား ခက်ခဲသော ပြဿနာ | ၃ | ကျောက်ခဲလမ်း မကောင်းသောကြောင့် သွားလာရေးအခက်အခဲ |
| ၄ | မိုးတွင်း ချောင်းမြောင်းမရှိ၍ ရေပိတ်ဆို့မှု အခက်အခဲ | ၄ | အလုပ်အကိုင်မရှိသော ပြဿနာ အခက်အခဲ |
| ၅ | နွေရာသီ၌ မီးဘေးကာကွယ်ရေးအတွက် ရေလှောင်ကန် မရှိ၍ ခက်ခဲနေ | ၅ | အောင်ချမ်းသာတံတား မကောင်းသောပြဿနာ ဘောလုံးကစားကွင်း မြေမညီသော အခက်အခဲ |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| **အမျိုးသား**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | **အမျိုးသမီး**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ကလေး/လူငယ်များ အတွေးအခေါ် မြင့်မားလာစေရန် | ၁ | ကုန်အရောင်းအဝယ် ပြုလုပ်ရာ၌ အဆင်ပြေပြီး/ လူနေမှု မြင့်မားလာစေရန် |
| ၂ | ကိုယ်ကာယကြံ့ခိုင်မှု ဖွံ့ဖြိုးစေရန် နှင့် လူငယ်များ မူးယစ်ဆေးဝါးသုံးစွဲခြင်းသို့ မပါဝင်စေရန် | ၂ | မူးယစ်ဆေးဝါးများ ကင်းစင်၍ ကျေးရွာ ဖွံ့ဖြိုးတိုးတက်စေရန် |
| ၃ | သွားလာမှုအဆင်ပြေစေရန် | ၃ | မိုးတွင်း၌ သွားလာရေး အဆင်ပြေစေရန် |
| ၄ | ရေစီးရေလာကောင်းမွန်၍ ခြင်၊ယင်ပေါက်ပွားမှုနည်းပြီး ရောဂါမှ ကာကွယ်နိုင်ရန် | ၄ | လုပ်ငန်း အလုပ်အကိုင် အခွင့်အလမ်းများ အဆင်ပြေစေရန် |
| ၅ | ရေပေါများ၍ ရှိပါက မီးဘေးအန္တရာယ်ကို ကာကွယ်နိုင်ရန် | ၅ | အောင်ချမ်းသာတံတား ကောင်းမွန်လာစေရန် အားကစား ပြုလုပ်ရာ၌ အဆင်ပြေစေရန် |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ကျေးရွာအကွင်းသဲကျောက်လမ်း | ၃ + ၅ | ၂၅၁၄၀၀၀၀ | ၃၂၃၅ |
| ၂ | အားကစားကွင်း | ၃ + ၅ | ၀ | ၃၂၃၅ |
| ၃ | မြွေနှင့်ပေါက်ဖတ်တား | ၃ | ၀ | ၃၂၃၅ |
| ၄ | အိမ် (၂၀) ကြားရေလှောင်ကန် (၁၂) ကန် | ၃ | ၀ | ၃၂၃၅ |
| ၅ | ကျေးရွာရုံး (ပြုပြင်) | ၅ | ၀ | ၃၂၃၅ |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ဆူးယာက်ကိုက်ဖျက်ရေး | ၅ | |
| ၂ | ၈/၉/၁၀ တန်းစာကျက်ဆောင် | ၅ | |
| ၃ | ကျန်းမာရေးဌာန | ၅ | |
| ၄ | အလုပ်အကိုင်ရရှိရန် | ၅ | |
| ၅ | အိမ်ခြံဝန်း | ၅ | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ------ဦးစန်းလှိုင်ဦး------ လက်မှတ် ------ [signature] ------ နေ့စွဲ------------------------------

# ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

| | |
|---|---|
| ***လမ်းညွှန်ချက်။*** စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။ | |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် - ဒေါ်ဆိုင်းပန် (CF) / ဒေါ်ထက်ထက်ဝေ (TF) | |
| နေ့စွဲ - ၂၅.၃.၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) ☐စက်ဝန်း(၁) ☑စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ကချင် / မြို့နယ် - မိုးကောင်း | ကျေးရွာအုပ်စု - တောင်နီ |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖေါ်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| တောင်နီ | ရွာတွင်းသံကျောက်ခင်းခြင်းနှင့်ရေမြောင်း | ၅၉၀၀′×၁၅′×၆″, 3′dia×15′ | ၃၂၃၄ | ☐ ကျား<br>☐ မ<br>☑ ကျား+ မ | ၂၅၃၀၀၀၀၀ | - | - | | ၂၅၃၀၀၀၀၀ |
| ထီးချိုင့် | ရွာတွင်းသံကျောက်ခင်းခြင်းနှင့်ရေမြောင်း | ၄၁၀၀′×၁၅′×၆″, 3′×15′, 2′×15′, 1′×15′ | ၃၂၃၄ | ☑ ကျား<br>☐ မ<br>☐ ကျား+ မ | ၁၆၈၉၀၀၀၀ | | | | ၁၆၈၉၀၀၀၀ |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | | | | | |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် လက်မှတ် ရက်စွဲ

- ဦးစန်းကျော်ဦး [signature]

၂၇

# အစည်းအဝေးမှတ်တမ်း

အစည်းအဝေးအမှတ်စဉ် - ၁ / ၂၀၁၇

အစည်းအဝေးကျင်းပသည့်ရက် - ၁၁.၃.၂၀၁၇

အစည်းအဝေးကျင်းပသည့်နေရာ - ဝေကင်နီ (က.သွဲ့ ကျေးရွာ)

အစည်းအဝေးကျင်းပသည့်အချိန် - (၉း၀၀) နာရီ မှ (၄း၀၀) ထိ

အစည်းအဝေးတက်ရောက်သူဦးရေ - ကျား ၁၄၃ / မ ၁၂၂

စုစုပေါင်း ၂၆၅ (ဦး)

အစည်းအဝေးပြုလုပ်ရသည့်ရည်ရွယ်ချက်။ ။ လူထုဗဟိုပြုစီမံကိန်းနှင့် ပတ်သက်၍ စီမံကိန်း မိတ်ဆက်ခြင်း၊ စေတနာ့ဝန်ထမ်းများရွေးချယ်ခြင်းနှင့် လူထုအားလုံးပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း။

ဆွေးနွေးချက်၊ ၊ အစည်းအဝေး ပထမပိုင်းတွင် အုပ်ချုပ်ရေးမှူး မှ အစည်းအဝေး စတင်ကြောင်း ကြေညာပြီး အစည်းအဝေးတက်ရောက်လာသော လူထုများအားလုံးကို ဒေသခံပြည်သူမှ စီမံကိန်းနှင့် ပတ်သက်၍ အကြောင်းအရာ ရှင်းလင်းပြောပြပြီးနောက် လူထုဗဟိုပြုစီမံကိန်း၏ ရည်ရွယ်ချက်၊ လူထုဗဟိုပြုစီမံကိန်း ဆိုတာဘာလဲ ဆိုခြင်း၊ ဘယ်လိုအကောင်အထည်ဖော်မည်နည်း၊ အတိုချုံးပြီး အကျဉ်းချုပ် ပြောကြား၍ စီမံကိန်း မိတ်ဆက် (၁၅) ချက်၊ စီမံကိန်း ကော်မတီ၊ အဖွဲ့ဝင် ဖြစ်သူများနှင့် ၎င်းတို့၏ အခန်းကဏ္ဍ စေတနာ့ဝန်ထမ်းရွေးချယ်ခြင်းများကို လူထုအားလုံးနှင့် ပူးပေါင်းရွေးကောက်ခဲ့ပါသည်။ ထို့နောက် နေ့လည် (၁၂း၀၀) နာရီ အချိန်တွင် ပထမပိုင်းကို ရုပ်သိမ်းလိုက်ပါသည်။

အစည်းအဝေး ဒုတိယပိုင်းကို နေ့လည် (၁း၀၀) နာရီတွင် စတင်ပြုလုပ်ရာ လူထုအားလုံးပါဝင်သော လူမှုဆန်းစစ်ခြင်း အပိုင်း (၆) ပိုင်းပါဝင်၍ PRA တစ်ခုချင်းစီ အလိုက် အဖွဲ့ (၁၂) ဖွဲ့ ခွဲ၍ ပြုလုပ်ခဲ့ပါသည်။ ထို့နောက် လက်ရှိအားလုံး ပြန်လည်တင်ပြခြင်း အပိုင်းတွင် ကျေးရွာလူထုမှ စေတနာ့ဝန်ထမ်း (၁၂) ဦး ဖြင့် ပြန်လည်တင်ပြခြင်းကို ပြုလုပ်ခဲ့ပါသည်။ ထို့နောက် အစည်းအဝေး ဒုတိယ အပိုင်း အစီအစဉ် အား ညနေ (၄း၃၀) နာရီတွင် ရုပ်သိမ်းလိုက်ပါသည်။

ဆုံးဖြတ်ချက်။ ။ စေတနာ့ဝန်ထမ်း အမျိုးသား ဦးမျိုးလင်းအောင် ၊ အမျိုးသမီး ဒေါ်မိမိလင်း နှင့် မထက်ထက်စိုး တို့အား ပျိုရက်မဲ့ဖြင့် ရွေးချယ်ခဲ့ပါသည်။

မှတ်တမ်းတင်သူ

လက်မှတ် - ______________

အမည် - ဒေါ်ခိုင်းယုန်

# အစည်းအဝေးမှတ်တမ်း

အစည်းအဝေးအမှတ်စဉ် - ၂ / ၂၀၁၇

အစည်းအဝေးကျင်းပသည့်ရက် - ၁၂ . ၃ . ၂၀၁၇

အစည်းအဝေးကျင်းပသည့်နေရာ - တောင်နီ (ထ . ဥ ကျောင်း)

အစည်းအဝေးကျင်းပသည့်အချိန် - ၉:၀၀ နာရီ မှ ၄:၀၀ နာရီ ထိ

အစည်းအဝေးတက်ရောက်သူဦးရေ - ကျား ၁၄၃ / မ ၁၂၂

စုစုပေါင်း ၂၆၅ (ဦး)

အစည်းအဝေးပြုလုပ်ရသည့်ရည်ရွယ်ချက်။ ။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများဖော်ထုတ်ခြင်း၊ ကော်မတီဝင်များ ရွေးချယ်ခြင်း၊ VDP အကြောင်းအရာများကို သိရှိနားလည်စေရန်။

ဆွေးနွေးချက်။ ။ အစည်းအဝေး မနက်ပိုင်းတွင် ပထမအနေဖြင့် တင်ပြသွားသည် [illegible] အစည်းအဝေး ဆွေးနွေးပြီး [illegible] နှင့် သက်ဆိုင်သော [illegible] အမျိုးသား / အမျိုးသမီး များကို [illegible] ပြီး [illegible] ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးဖော်ထုတ်ခဲ့ကြ [illegible] ပေးခဲ့ပါသည်။ ထို့နောက် မနက်ပိုင်း အစည်းအဝေးကို ရပ်နားလိုက်ပါသည်။

ဒုတိယပိုင်းတွင် မွန်းလွဲ ရွေးချယ်ခဲ့သည့်လုပ်ငန်းများကို အကျိုးဝင်မှု [illegible] ပြီး [illegible] တွင် အသေးစိတ် ချိန်ခြင်းနှင့် ပြုလုပ်ခြင်းသော လုပ်ငန်းရွေးချယ်ခြင်း [illegible] ပါသည်။ ထို့နောက် ကျေးရွာ ကော်မတီဝင်များအား သဘောတူ အသိအမှတ်ပြုပြီး အစည်းအဝေးကို ညနေ (၄:၀၀) နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။

ဆုံးဖြတ်ချက်။ ။ အစည်းအဝေးဆုံးဖြတ်ချက်ချရာတွင် ဦးစားပေးလုပ်ငန်းများကို အဆင့်လိုက် ရွေးချယ်ခဲ့ပါသည်။ ကော်မတီဝင်များအား အဖွဲ့လိုက် ရွေးချယ်ခဲ့ရာ ကျား ( ၇ ) ဦး မ ( ၈ ) ဦးတို့အား ရွေးချယ်တင်မြှောက်ခဲ့ပါသည်။

မှတ်တမ်းတင်သူ

လက်မှတ် -

အမည် - ဒေါ်ဆိုင်းပန်

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

**အနှစ်ချုပ်**

မူရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | မြင်ပမှုမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အဦ | ၁ | ကျေးရွာအတွင်း ၁၁၁ ကျောက်ခင်းခြင်း | ☑ မ<br>☑ ကျား | ကျေးရွာ | လူထုမဖော်ပြစီမံကိန်း၊ |
| | ၂ | ပြွန်ပေါက်တံတား၊ | ☐ မ<br>☑ ကျား | ကျေးရွာ | လူထုမဖော်ပြစီမံကိန်း၊ |
| | ၃ | အိမ်ခြေ ၁၀၀ ကြားရေ မြောင်းကန် ၁၁ကန် | ☐ မ<br>☑ ကျား | ကျေးရွာ | လူထုမဖော်ပြစီမံကိန်း၊ |
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |
| အသက်မွေးဝမ်းကျောင်းမှု/ စိုက်ပျိုးရေး | ၁ | ကျေးရွာရွေးပြုပြင် | ☑ မ<br>☐ ကျား | ကျေးရွာ | |
| | ၂ | | ☐ မ<br>☐ ကျား | | |
| | ၃ | | ☐ မ<br>☐ ကျား | | |
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | | ☐ မ<br>☐ ကျား | | |
| | ၂ | | ☐ မ<br>☐ ကျား | | |
| | ၃ | | ☐ မ<br>☐ ကျား | | |
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |
| ပညာရေး | ၁ | | ☐ မ<br>☐ ကျား | | |
| | ၂ | | ☐ မ<br>☐ ကျား | | |
| | ၃ | | ☐ မ<br>☐ ကျား | | |

| | | | | |
|---|---|---|---|---|
| ၁ | | ☐ မ<br>☐ ကျား | | |
| ၂ | | ☐ မ<br>☐ ကျား | | |
| အမျိုး ၁ | အားကစားကွင်း၊ | ☑ မ<br>☑ ကျား | ကျေးရွာ | |
| ၂ | | ☐ မ<br>☐ ကျား | | |
| ၃ | | ☐ မ<br>☐ ကျား | | |
| ၄ | | ☐ မ<br>☐ ကျား | | |
| ၅ | | ☐ မ<br>☐ ကျား | | |